

# ကြယ်စင်မှူးဝေ

ချစ်ခြင်းဖွဲ့ စကြ်ာဝဠာ

စစ်ကိုင်းမြို့ မြဝတီရပ်ကွက်ဆိုတာ ဧရာဝတီမြစ်ကမ်းနားကရပ်ကွက်။ ကျောင်းပိတ်ရက် ညနေပိုင်းဆို သောင်ပြင်မှာ ဘောလုံးကန်ကြတာ ထုံးစံ။

ထုံးစံဆိုပေမယ့် အဲဒီဘောလုံးကန်သူတွေဟာ ...ကလေးတွေများ ပါသည် ။ ယခုတော့ ... ထိုဘုစုခရုတွေကြားမှာ စာသူငယ်နား ဌင်းတနားသို့ အဲလေ စာသူငယ်ကြား ဟသ်ာနားတာ လို့ ပဲခေါ်ရလေမလား။

ကလေးတွေထဲမှာ ကလေးတွေနှင့်အပြိုင် ကဲနေသူဟာ-

"နွေဦးလေပြည်" လို့ အမည်ရသည့် အသက်နှစ်ဆယ်အရွယ် မိန်းမချောလေးဖြစ်နေသည် က ဆိုးပါသည် ။

ဆာမူရိုင်း ဆံပင်လိုလို မြင်းမြီးလိုလို ဆံပင်နုနုလေးများက ရွှေနီရောင်သန်းနေပြီး ... အင်တာနေရှင်နယ် ကိုယ်လုံးလေးကတော့ ၅ပေ ဖလက်မအရပ်နှင့်အညီ ပြည့်ပြည့်လေး။

သို့သော် ကုလားမတွေလို ဂျီတွေ ဘီတွေ အယ်စတုန်မနေဘဲ လုရုံပရုံလေးမို့ သူမဝတ်ထားသည့် ရှပ်ပွပွ ဒူးကျစတိုင် ဘောင်းဘီပွပွတို့ အောက်မှာ အခိုက်အတန့် နစ်မြှုပ်ပုန်းလျှိုးနေရသည် ။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို နွေဦးလေပြည် အားထည့်ကန်လိုက်သည့် ဘောလုံးက ခပ်လှမ်းလှမ်းမြစ်ဆိပ်မှာ သာကူကျိုထိုင်ရောင်းနေသည့် ဒေါ်ပုကြီး၏ သာကူအိုးကို သွားမှန်ပြီး သာကူအိုးကိုမှောက်သွားစေလေတော့ရာ ...

"ပြေး ... ပြေး ... ဒေါ်ပုကြီး သာကူအိုးမှောက်သွားပြီ"

ကလေးများ နှင့်အပြိုင် နွေဦးလေပြည်လည်း ဖိနပ်ပင် မကောင်နိုင်ပဲ ဖနောင့်နှင့်တင်ပါး တသားတည်းပြေးခဲ့ကြသောအခါ ...

နောက်က ဈေးဆိုင်အုပ်စုမှ အသံဗလံများ ငရဲပွတ်သလို ဆူညံကျန်ခဲ့လေတော့သည်။

နွေဦးလေပြည်တို့ အိမ်က မြဝတီရပ်ကွက်ထဲမှာ ...။

အဖေမဆုံးပါးခင်က အလွန်ပျော်ရွှင်စရာကောင်းသည့် တစ်ထပ်တိုက်လေးဟာ ယခုတော့ ... မေမေ၊ အစ်မကြီးမိုးလေပြည်၊ အစ်မလတ်ဆောင်းလေပြည်နှင့် နွေဦးရယ်သာ ရှိတော့သည်။

မိသားစု ၄ယောက်ပေါ့ ၊ နွေဦးမှ လွဲပြီး မေမေနှင့်အစ်မ နှစ်ယောက်က စက်ချုပ်ပါသည် ။ ဒီဇိုင်နာလို့ တောင်ခေါ်လို့ ရအောင် မေမေတို့ သားအမိတွေက ပုံကောင်းအောင်ချုပ်တတ်လေရာ စီးပွားရေးကတော့ ကောင်းပါသည်။

အဲ ... မကောင်းတာ လူမှုရေးပါပဲ။

အပြင်လူအားလုံးနှင့် အဆင်ပြေသည့် မေမေဟာ နွေဦးကိုကျ ကြည့်မရဘူးလားမသိ။ သူ့သမီး၊ နှစ်ယောက်အပေါ်ဆို အမြဲကြည်ဖြူချိုသာနေသည့် အမေဟာ နွေဦးကိုကျ အမြဲဆူပူဖို့ ကြည့်နေ၏။

နွေဦးကလည်း နွေဦးပါပဲလေ၊ မေမေပြောသလိုပါပဲ။

"နင်ဟာလေ ဘာမှ ကိုတာဝန်မသိတတ်ဘူး၊ အိမ်မှာ လူပိုကြီးပဲ ကျောင်းပြီးလို့ ဘွဲ့တစ်ခုရနေပြီ၊ ခုထိ ကလေးစိတ်မကုန်သေးဘူး၊ ကလေးတွေနဲ့ ရောပြီးဆော့တုန်း လျောင်တုန်း"

"နင့် အစ်မတွေဆို ဘယ်လောက်မိန်းမပီသ သလဲ ကြည့်စမ်း၊ ဗိုင်းကောင်းကျောက်ဖိနဲ့ ၊ မအေကထိုင်ဆိုထိုင်၊ ထဆိုထ မအေက သေဆိုသေ၊ ရှင်ဆိုရှင်၊ မအေနဲ့ အတူ ဒိုးတူပေါင်ဖက် စီးပွားရှာနေပြီး အိမ်မှုကိစ္စလည်း ဘာမှ လှည့်ကြည့်စရာမလိုဘူး နင့်မှာ သာ အငယ်ဆုံးဆိုပြီး အရာရာအလိုလိုက်ထားမိလို့ ခုမှ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်နေရတယ် "

"တစ်နေ့နေ့ ကလေးတွေတရုန်းရုန်းနဲ့ ငှက်ပစ်၊ ဘောလုံးကန်၊ စက်ဘီးနင်း၊ ပြဿနာဖြစ်လာလိုက်ရင်လည်း နင်ပဲ၊ နင့်ပြဿနာတွေရှင်းနေရတာနဲ့ ငါလည်း အလုပ် ကောင်းကောင်း မလုပ်ရဘူး"

မေမေ့စကားတွေကိုကြားယောင်ရင်း နွေဦး ခပ်ကုတ်ကုတ်လေးအိမ်ထဲသို့ ဝင်လိုက်တော့။ အစ်မကြီးမိုးနှင့် အစ်မလတ်ဆောင်းကို စက်ချုပ်နေတာမြင်ရပါသည် ။ နွေဦး ... မျက်နှာမကောင်းလာတော့ အစ်မတွေကလည်း ရိပ်မိသည် ။ ဒီကောင်မလေး ပြဿနာတက် လာပြီ။ နွေဦး ကုပ်ချောင်းချောင်းရုပ်နှင့် မေမေ့ကို ကျီးကန်းတောင်းမှောက်ရှာနေလျှင် အစ်မနှစ်ယောက် သူမအနားသို့ကပ်လာသည် ။

"နွေဦး ... ဘာဖြစ်လာလဲ၊ မေမေ မီးဖိုထဲမှာ ဟင်းချက်နေတယ်"

"ဟို ... ဟို လေ ... နွေဦးတို့ မြစ်ဆိပ်မှာ ဘောလုံးကန်ကြတာ ဒေါ်ပုကြီး သာကူအိုးမှောက်သွားလို့ ..."

"ဟယ် ... နင်ကလည်း ညောင်ဦးကမ်းပါးပြိုတာနဲ့ စမွှာနဂိုကန္နားမပေါင်ကျိုး၊ နင်တို့ ဘောလုံးကန်တာနဲ့ မြစ်ဆိပ်က ဈေးဆိုင်တန်းက အဝေးကြီးမဟုတ်လား"

"အဟဲ ...မမလတ်ကလည်း သိတယ်မဟုတ်လား၊ ဘက်ခမ်းလေ ... ဘက်ခမ်း ...နွေဦးခြေပြင်းတာလည်း သိသားနဲ့ အဲ ... အဲ"

သူမ ခပ်ကြွားကြွားလေး ပြောနေတုန်း အိမ်ရှေ့မှ ဒေါ်ပုကြီး၏ ခုနစ်သံချီကြီးကို ကြားလိုက်ရလျှင် နွေဦးမျက်လုံးပြူးသွားပြီ ပြေးဖို့ နေရာရှာလေ၏။

"ဟော့ နွေဦး ... မိနွေဦး ... ငါ့သာကူအိုးမှောက်ကျသွားတာကို သိရက်နဲ့ လှည့်တောင် မကြည့်တဲ့ ကောင်မ၊ ပုံစံကိုက အထီးလိုလို အမလိုလို ကလေးလိုလိုနဲ့ ၊ ပုလဲရေ ... ဟော့ ပုလဲ နင့်သမီး နင်မေးကြည့်ဦး၊ ဘာလုပ်လာသလဲလို့ လူသတ်တာလား၊ ဓားပြတိုက်လာသလားလို့ မေးမေးကြည့်စမ်း"

ရပ်ကွက်ထဲ ဆူညံ ဆူညံ့ အော်ကျယ် အော်ကျယ် လာပြီး ဒေါ်ပုကြီး အိမ်ထဲသို့ ဝင်လာသလို မေမေကလည်း မီးဖိုထဲမှ အလန့်တကြားထွက်လာသဖြင့် နွေဦးဘယ်မှ မပြေးသာတော့ပေ။

"အံ့ပါရဲ့ တော် ... ကိုယ့်ရပ်ကလေးမှ အားမနာ၊ ဘယ်သူထင်မှာ လဲ၊ ဒီလောက်ချောချော ကောင်မလေးက ဒီလောက်ဗရုတ်သုတ်ခနိုင်ရသလား၊ ပုလဲ နင့်သမီးနင်ဆုံးမရမလား၊ ငါဆုံးမရမလား"

"တော် ... တော်ပါတော့ မမပုရယ်၊ ကျွန်မတောင်းပန်ပါတယ်၊ ဒီဟာမလေးကို မျောက်နဲ့ စပ်ကျ ထားသလား အောက်မေ့ရတယ်၊ လွန်လည်း လွန်၊ ကဲလည်း ကဲ၊ ကျွန်မလည်း မနိုင်တော့ပါဘူး၊ အကြီးတွေက လိမ္မာသလောက် သူက ဆိုးတယ်၊ ကဲကဲ မပုသာကူဖိုး ဘယ်လောက်လျှော်ပေးရမလဲ ပြောပါအားမနာပါနဲ့ "

ဒေါ်ပုကြီး ...နွေဦးတို့ ညီအစ်မ ၃ယောက်ဘက်သို့ စောင်းစောင်းမည်းမည်း ကြည့်လိုက်သေး၏။ ညီအစ်မ ၃ ယောက်လုံးအချောလေးတွေချည်းပါပဲ။ အစ်မနှစ်ယောက်က ဆံပင်ရှည်လေးတွေနှင့် မိန်းကလေးပီပီသသချောပေမယ့် နွေဦးကတော့ ယောကျ်ားလေးပုံစံ။

ဖြူစင်ဝင်းနှစ်သည့် အသားက နေပူစပ်ခါးထဲ လျှောက်ဆော့လွန်းလို့ ကြေးနီရောင်သန်းချင်ချင်။ မျက်နှာလေးကတော့ ရက်ရက်စက်စက်လှပါပေရဲ့ ။ မျက်တောင် ကော့ကော့ ခက်ခက်လေး တွေနှင့် မျက်လုံးတွေကပင် စာဖွဲ့လို့ မမီ။

အစက်အပြောက်ကင်းစင်သည့် မျက်နှာလေးက ရွှေစင်အသားနှယ် ဝင်းဝင်းနုနု၊ နှာတံ၊ နှုတ်ခမ်းလေးတွေကလည်း လှမှ လှ။ သို့သော်မျော က်ရှုံးအောင်ကဲပြီး ခပ်ကြမ်းကြမ်း၊ ရိုင်းရိုင်းဂျစ်တူးမလေးမို့ ဒေါ်ပု အော့ကြော့လန်ပါသည် ။

"ပြောပါ ဒေါ်ပုရဲ့ ...ညီမလေးကြောင့်မှောက်တာ ကျွန်မတို့ အလျော် ပေးရမှာ ပေါ့"

"အေးပါအေ ...ကျုပ်လည်း အလျော်မတောင်းချင်ပါဘူး၊ ဒါပေမဲ့ကျု ပ်မှာ တစ်နေ့လုပ်မှ တစ်နေ့ စားရတာဆိုတော့၊ အင်း ၅ထောင်လောက် တော့ပေးပါအေ။ ကျုပ်လျှော့ ယူတာပါ၊ သကြားသာကူမဟုတ်လား ... ရောင်းရင်တစ်သောင်းဖိုး လောက်ထိရတာ"

"ဟုတ်ပါပြီ ...ဟုတ်ပါပြီ ...ကဲ ...ရော့ ...ရော့"

မမကြီးမိုးက သူ့ပိုက်ဆံအိတ်ထဲမှ ငွေငါးထောင်ကို ကြည်ကြည်ဖြူဖြူပင် ပေးလိုက်တော့ ... ဒေါ်ပုကြီးကျေကျေနပ်နပ်နှင့် ဆင်းသွား၏။

အဲ ... မကျေနပ်၊ မကြည်ဖြူတာမေမေပါပဲ။ မေမေက နွေဦး၏ နား ရွက်တစ်ဖက်ကို လိမ်ဆွဲရင်း၊ သူ့အနားသို့ ဆွဲခေါ်လေလျှင် ...

"အား ...အား ... နာလိုက်တာ မေမေကလည်း သေ့ပါပြီ၊ မေမေအ လျော်ပေးရတာမဟုတ်ဘဲ၊ မမကြီးလျော်ပေးရတာများ ..."

"လျော့ရတာထက် ပြဿနာအမျိုးမျိုးတက်နေတဲ့ နင့်ကို ငါစိတ်ပျက်တာ စိတ်ပျက်တာသိလား၊ တော်ပြီ၊ တော်ပြီ၊ နင့်ကို ငါမနိုင်တော့ဘူး၊ နင့်ကို ငါ့သူငယ်ချင်း ရွှေရည်ဆီပို့ရမယ်"

"ဟာမေမေကလည်း မေမေ့သူငယ်ချင်းကဖြင့် ရန်ကုန်မှာ "

"ဘာဖြစ်လဲ ...သူများ အိမ်မှာ ညည်းထောင့်ကျိုးမှာ ၊ ရွှေရည်ကသိပ်မိန်းမပီသတာ၊ သားသမီးဆုံးမတဲ့ နေရာမှာ လည်း စံပဲ"

"မေမေ့ထက်ပဲစံပဲရဦးမလား"

"ရန်ကုန်မသွားချင်သဖြင့် နွေဦးထိတ်လန့်နေသလို ညီမလေးကိုသိပ်ချစ်ကြသည့် အစ်မနှစ်ယောက်ကလည်း ကန့်ကွက်ကြပါသည် ။

"မေမေ ...ဒါတော့ မဟုတ်ဘူး ထင်တယ်၊ ကိုယ့်သမီးမလိမ်မိုး မလိမ်မာလေးကို သူများ အိမ်ပို့ရမယ်လို့ "

"ဟဲ့ ...နင်တို့ ညီမ မလိမ္မာလို့ ကိုပို့ရမှာ ၊ လိမ္မာနေရင် ပို့စရာလိုမလား၊ ငါတို့ ရဲ့ အပ်ချုပ်ဆိုင်မှာ ဝင်ချုပ်ရုံပဲပေါ့"

" မဟုတ်ဘူး နော် ...မေမေ့သူငယ်ချင်းမှာ သားတွေနဲ့ ဆို ယောကျ်ားလေးတွေရှိတဲ့ အိမ်မှာ နွေဦးဘယ်လိုအသက်ရှူရမှာ လဲ"

"ရှူချင်သလို ရှူပါစေ ...ရွှေရည်ကသားတွေ မွေးထားပေမယ့် သူ့သားတွေက မအေလက်ညှိုးညွှန်ရာရေဖြစ်တယ်"

"မေမေ့ဥစ္စာ ... အလောင်းစည်သူမင်းကြီးနဲ့ ရောနေပြီ ခစ်"

"ဒေါက် ...ခုထိကိုအပိုးမကျိုးဘူး၊ နားကန်မနာဘူး၊ နင့်ကိုပို့ကိုပို့ရမယ်၊ ယောကျ်ားလေးတွေရှိပေမယ့် မပူနဲ့ အားလုံးဗိုင်းကောင်းကျောက်ဖိတွေ၊ သူ့အလုပ်နဲ့ သူ အပိုးကိုကျိုးလို့ "

"မေမေအညွန်းလွန်းနေလျှင် ဗိုင်းကောင်းကျောက်ဖိဆိုတော့ အခြောက်ကြီးတွေပေါ့"

"နင်မရှည်ပါနဲ့ ... ငါစီမံတာနာခံရမယ်၊ နင့်ကိုငါစောင့်ကြည့်နေတာကြာပြီ၊ ပြင်နိုး ...ပြင်နိုးနဲ့ မအေ့စကားနားမထောင်ချင်တဲ့ မိန်းမ ရွှေရည်နဲ့ တွေ့မှ ပြားသွားမယ်"

သူငယ်ချင်းကိုတော့ တော်တော်အားကိုးပုံရသည့် မေမေပါပေ။ မေမေပြောလွန်းလို့ ရွှေရည်ဆိုတာပုံပြင်တစ်ပုဒ်လို သူမတို့နားထဲစွဲနေရပါပြီ။ သူတို့ နှစ်ယောက် ငယ်ငယ်ကဘယ်လို ချစ်ခဲ့ကြပုံတွေ၊ ယခုလည်း ဖုန်းအဆက်အသွယ်၊ လူအဆက်အသွယ်မပြတ်ကြပေ။

မမမိုးနှင့်မမဆောင်းကလည်း သူတို့ ၏ ရှုမငြီးသည့် တစ်ဦးတည်းသော ညီမလေးကို ရန်ကုန်သို့ မပို့ဖြစ်ရေးအတွက် အစွမ်းကုန်ဝင်ရောက်ကာကွယ်ကြပါသည် ။

"မေမေဆုံးဖြတ်တာမှားနေတယ်၊ ဘယ်နှယ့် ကိုယ့်သမီးပျိုလေးကို သူများ အိမ်ပို့ရမယ်လို့ ပဲ၊ ပြီးတော့ ...အဲဒီအိမ်မှာ ယောကျ်ားတွေကလည်း ရှိသေး"

"ညည်းမရှည်ပါနဲ့ ...ကဲ ဒါဆို ကိုယ့်ညီမကိုယ်နိုင်အောင် ထိန်းကြမလား"

"ဒါကျတော့လည်း မိုးနှင့်ဆောင်းတို့ ငြိမ်သွားရသည် ။ ကိုယ်မွေးထားတာ မိန်းကလေးပေမယ့် ရွာရိုးကိုးပေါက်လျှောက်ပြီး ယောကျ်ားလေးတွေလို နေတာလည်း အမှန်။ အပေါင်းအသင်းတွေကလည်း ကလေးတွေ။

မိုးနှင့်ဆောင်း သက်ပြင်းချရင်း ... နည်းလမ်းရှာဖွေရသည် ။ ညီမအ

ငယ်ဆုံးလေးမို့ ခွဲလည်း မခွဲနိုင်ပါ။

"မေမေကလည်း ...ညီမလေးဆိုးတာက ကလေးဆိုးလေးပါ၊ ခုအရွယ်ထိ အလှလည်း မပြင်ဘူး၊ ရည်းစားလည်း မထားဘူး၊ ထမင်းဟင်းလည်း ချက်မယ်ဆို ချက်တတ်သားပဲ၊ သူကတောင် သမီးတို့ ထက်ပိုပြီး လက်စောင်းထက်သေး"

"ကသသတော် ...တန် ... တိတ် ...ငါ ဘာဆင်ခြေမှ မကြားချင်ဘူး၊ အခု နင်တို့ ညီမကို ငါသေလမ်းပို့မှာ မဟုတ်ဘူး ၊ ငါမဆုံးမနိုင်တော့လို့ ဆုံးမနိုင်တဲ့ သူဆီပို့တာ၊ ဟိုမှာ ဆို သူစိမ်းတွေ ကြားမှာ သူဒီလိုလျှောက်လိမ့်နေ၊ ဆိုးနေလို့ မရဘူး၊ အဲဒါကိုက ဟုတ်နေပြီ၊ နောက်ပြီး ... အလုပ်တစ်ခု ဝင်လုပ်လို့ လည်း ရတယ်၊ ရွှေရည်တို့ ကုမ္ပဏီမှာ အလုပ်လုပ်ပေ့ါ၊ ဘယ်လောက် ကောင်းလိုက်သလဲ၊ ဒါမှ နင်တို့ ညီမ အပိုးအကျိုးကျိုး လိမ်လိမ်မာမာလေးဖြစ်သွားမှာ "

ညီအစ်မ ၃ယောက်လုံး မျက်နှာငယ်လေးတွေနှင့် မေမေဒေါ်ပုလဲကိုပဲ ကြည့်နေကြသည် ။ ပုံကြည့်ရတာ တကယ်လုပ်တော့မည်ထင်သည် ။ မေမေ ရက်စက်လိုက်တာ၊ မိုးက ...

"မေမေ ...တကယ်လုပ်တော့မှာ လားဟင်"

"လုပ်မှာ ...လုပ်မှာ ... ငါ သင်းကိုမျက်စိထဲ ကြည့်မရတာကြာပြီ၊ ဒီနေ့စနေနေ့ မနက်ဖြန် ... တနင်္ဂနွေ ညကားနဲ့ ရန်ကုန်ဆင်းမယ်၊ ပြောနေကြာပါတယ်အေ၊ တော်ကြာ ညည်းတို့ အိညောင့်အိညောင့်လုပ်တာနဲ့ ငါစိတ်တွေ ထွေပြားကုန်လိမ့်မယ်၊ အခုပဲ လက်မှတ်သွားဝယ်ပြီ"

"မေမေ ..."

ညီအစ်မ ၃ယောက်သား သံပြိုင်အော်ဟစ်ပြီး ...

ဒေါ်ပုလဲကိုလိုက်ဆွဲကြပေမယ့် မေမေက သူတို့ ကို တွန်းခဲ့ပြီး လက်မှတ်ဝယ်ဖို့ ဆင်းသွားခဲ့လေသည် ။

***

ဒေါ်ရွှေရည်ဝင်းမြ ...

အသက်လေးဆယ်ကျော်ငါးနီးပါးပေမယ့် ယခုထိပိန်ပိန်ပါးပါးနှင့် ချော်တုန်း၊ လှတုန်း၊ မအိုသေးတဲ့ သူ အပျိုလေးနဲ့ တူဆိုသလို၊ သားချောချောတွေက မအေကိုအရိပ်တကြည့်ကြည့်နှင့် ချစ်ခင်ယုယနေတာထက် ဖအေကြီးဦးလှိုင်ဝင်းဇော်က ပိုသည်းသည်း။

ဒေါ်ရွှေရည်ဟာ သည် အိမ်မှာ ဘုရင်မပါ။

သို့သော် ... ဒေါ်ရွှေရည်ကလည်း မိသားစု၏ မေတ္တာကို အလွဲသုံးစားလုပ်တတ်သူမဟုတ်။ သားကိုသခင် လက်ကိုဘုရား ဆိုသည့်အမျိုးအစားထဲကပါ။

သည် တော့ ... ဘာလိုသေးလဲကွယ် ... ဆိုသလို ဒေါ်ရွှေရည်တို့ အိမ်က သီရိဂေဟာ၊ တကယ့်စံပြ သီရိဂေဟာလေးပါ။

ယခုလည်း နံနက်ပိုင်းလက်ဖက်ရည်ဝိုင်းမှာ ဒေါ်ရွှေရည်ကသားတွေနှင့် ခင်ပွန်းသည် ကို တယုတယပြင်ဆင်ကျွေးမွေးသည် ။ အိမ်မှာ အိမ်ဖော်တစ်ယောက်သာထားပြီး အလုပ်တွေကို ကိုယ်တိုင်လုပ်ကိုင်နေလို့လည်း ဒေါ်ရွှေရည်တစ်ယောက် ယခုလိုအဆီကျအသားကျပြီး လှပနေခြ

င်းဖြစ်သည် ။

သားတွေနှင့်အတူ စားသောက်နေရင်းမှ ဒေါ်ရွှေရည်ခင်ပွန်းသည်ကိုကြည့်ရင်း သတင်းထူးတစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ပါသည် ။

"လူစုံတုန်းပြောရဦးမယ် ... မနေ့ညနေက ရွှေရည်သူငယ်ချင်း ပုလဲဆီက ဖုန်းဆက်တယ်"

ပုလဲဆိုတာ စစ်ကိုင်းမှာ ရွှေရည်ရဲ့ အချစ်ဆုံးသူငယ်ချင်းဆိုတာ အားလုံးသိပါသည် ။ သမီး ၃ယောက်နှင့် ရုန်းကန်လှုပ်ရှားနေရသည့် မုဆိုးမလေးပါ။

"ဘာတဲ့ လဲ ရွှေရည်၊ ကိုယ်တို့ ဘာကူညီရမလဲ"

"သြော် ... အကူအညီတောင်းတယ်ဆိုပေမယ့် ငွေရေးကြေးရေး ကိစ္စမဟုတ်ပါဘူး၊ ကိုရဲ့ ၊ ရွှေရည်ငယ်ငယ်ကဆို သိပ်အနွံအတာခံတာ"

"ဟုတ်ပါပြီ ...ဟုတ်ပါပြီ၊ ကိုယ်က ဘာပြောလို့ လဲကွာ၊ ဒီအိမ်မှာ ရွှေရည်ဆန္ဒရှိသမျှ ကိုယ်တို့ သားအဖတွေက လိုက်လျောဖြည့်ဆည်းပေးနေကျပါ"

"ဟုတ်တယ် ...ဟုတ်တယ် ...မေမေစိတ်ချမ်းသာရင်ပြီးရော၊ ပြော ...ဘာလဲ ဒေါ်ပုလဲရဲ့ သမီးတစ်ယောက်ယောက်နဲ့ မေမေ သားတစ်ယောက်ကို လက်ထပ်ပေးပါရစေလို့ ပူဆာလို့ လား"

အငယ်ဆုံးသားလေး ဝင်းရွှေစင်က ဝင်နှောက်လိုက်လျှင် သားကြီးနှင့်သားလတ်မှာ တွန့်ခနဲဖြစ်သွားကြရသည် ။ မေမေက တကယ်လုပ်ချင်လုပ်မှာ ၊ ဒေါ်ပုလဲနှင့်ပတ်သက်လာလျှင် မေမေကသူ့အသက်၊ သူ့စည်းစိမ်တောင် ပေးချင်ပေးလောက်သည် ။ ဘာတွေဘယ်လို အသက်ပေးချစ်ခဲ့ကြလို့ တော့မသိ။ တကယ့်သွေးသောက်ညီအစ်မတွေ။

"မဟုတ်ရပါဘူးသားရယ်၊ အမယ် ...ပုလဲက အဲဒီလိုထိုးကြိတ်ပေးရအောင် သူ့သမီးတွေက ပုံဆိုး၊ ပန်းဆိုး အရုပ်ဆိုးကြီးတွေမှ မဟုတ်တာ"

"ချောချောလေးတွေပေ့ါ၊ နတ်သမီးလေးတွေကို ချောတာလား"

"သားငယ်နော် ... နင် ငါ့စကားကိုလိုက်ဖျက်နေတာလား၊ ဒီမှာပြောမယ့်စကားတောင် တစ်လစ်ဖြစ်ကုန်ပြီ"

"ကဲပါသားငယ်ရယ်...မေမေပြောစရာရှိတာပြောပါစေ၊
ဖေဖေလည်း နားထောင်ချင်လှပြီ"

ဦးလှိုင်ဝင်းဇော် ခပ်ပြုံးပြုံးနှင့် သားငယ်ကိုဝင်တားလိုက်မှ ဒေါ်ရွှေရည်စကားဆက်ခွင့်ရ၏။

"ပုလဲမှာ သမီး ၃ယောက် ရှိတာတော့ကိုသိတယ်နော်၊ အဲ အကြီးနှစ်ယောက်က ဘွဲ့ကိုယ်စီရကတည်းက ပုလဲရဲ့ အပ်ချုပ်ဆိုင်မှာ ပဲ ဝိုင်းချုပ်ကြတယ်၊ စစ်ကိုင်းတစ်မြို့လုံးမှာ သူတို့ သားအမိတွေ လက်ရာကအကောင်းဆုံးပဲ၊ ဒီရန်ကုန်မှာ သားလာချုပ်ရင် တကယ့်သူဌေးတွေဖြစ်ကုန်မှာ ပဲ"

သူငယ်ချင်းကိုချစ်သည့်စိတ်နှင့် ဒေါ်ရွှေရည်အမွှန်းတင်နေလျှင် သားသုံးယောက်က လှောင်ပြုံးပြုံးချင်ချင်။

"ဒါပေမဲ့ နောက်ဆုံးသမီးလေးကျတော့ စက်ချုပ်တာ ဝါသနာ မပါဘူးတဲ့ ၊ အဲဒါရွှေရည်တို့ ဆီပို့ထားချင်တယ်ဆိုပါတော့ အလုပ်လည်း လုပ် ဘဝအကြောင်းလည်း နားလည်အောင်"

သည် အခါ သင်္ဘောသားချီ(ဖ)အင်ဂျင်နီယာကြီးဖြစ်သည့် ခန့်ရွှေစင်က ခါးခါးသီးသီးငြင်းလေ၏။

"ဟာ ... မေမေကလည်း သူ့သမီးသူမနိုင်လို့ ဒီပို့တာလားမှ မသိတာ၊

ခပ်ဆိုးဆိုး ဘယ်လိုလုပ်မလဲ၊ မေမေ့မှာ သားတွေချည်းပဲနော်၊ တော်ကြာရှုပ်ရှုပ်ရှက်ရှက် ဇာတ်လမ်းတွေဖြစ်ကုန်မယ်၊ မေမေ မဟုတ်ကဟုတ်က အော့ကြောလန်လေးကို ချွေးမတော်နေရဦးမယ်"

"အမယ် ...ကောက်ညှင်းကမစေး၊ ဆန်ကြမ်းကစေနေရပြန်ပြီ၊ ငါ့သူငယ်ချင်းကို ငါယုံတယ်၊ သူ့လက်ကထွက်တဲ့ သူ့သမီးဟာ မညံ့နိုင်ပါဘူး၊ ကဲကွာ ...မင်းတို့ နဲ့ ရတော့ရော ဘာနာစရာရှိလဲ၊ တစ်ဖက်ကလည်း ဘွဲ့ရပြီးသား ရုပ်ချောလေးပဲဟာ"

"ဟာဗျာ ...မေမေကလည်း သဘောတွေစွတ်ကောင်းနေလိုက်တာ၊ မေမေပဲ အစက သူ့သားတွေကို ဘယ်လိုမိန်းမနဲ့ မှ တန်တယ်မထင်ဘဲနဲ့ "

"ဟဲ့ ဒါကတော့ ...ခုခေတ်ကောင်မလေးတွေကလည်း ဆတ်စလူးလေးတွေများ တာကိုး၊ ပြီး ...ငါ့သားတွေကို တကယ်ချစ်တာလည်း မဟုတ်ဘဲ၊ မြူစားချူစား ချမ်းသာလို့ ကပ်လာကြတာကများ တယ်"

လက်ဖက်ရည်ဝိုင်းမှာ လူအားလုံး ပါဝင်ဆွေးနွေးကာ ဆူညံနေကြပေမယ့် သားလတ်ကောင်းရွှေစင်ကတော့ ခပ်အေးအေး သူ့လက်ဖက်ရည်သာသူသောက်ရင်း မုန့်စားနေလေ၏။

အငယ်ကောင်ဝင်းရွှေစင် အစ်ကိုလတ်ကို မျက်စိနောက်နေသည် ။

"ကိုကိုကတော့ ... ဘာမှ ဝင်မပြောပါလား၊ ဧကန္တအိမ်ကို အရှုပ်မလေးတစ်ယောက် ရောက်လာမှာ ကို ကြိုဆိုတယ် ထင်တယ်ဟုတ်လား ကိုကို"

ဝင်းရွှေစင်က အင်္ဂလိပ်စာအဓိကနှင့် ကျောင်းတက်နေသည့် ဒုတိယနှစ် တက္ကသိုလ်ကျောင်းသား၊ သားလတ် ကောင်းရွှေစင်ကတော့ မိဘပို

င်ကုမ္ပဏီမှာ ဒါရိုက်တာအဖြစ် အလုပ်ဝင်လုပ်နေသူ၊ ကောင်းရွှေစင် ပ ခုံးတွန့်ပြလိုက်သည် ။

"တို့ အိမ်က အကျယ်ကြီးပါကွာ၊ ကောင်မလေးတစ်ယောက် တိုးလာ လို့ စိတ်အနှောင့်အယှက်ဖြစ်စရာမရှိပါဘူး၊ သူလည်း နေတတ်သလိုနေ၊ ကိုယ်လည်း နေတတ်သလိုနေပေါ့၊ ပြီးနေတာပဲ၊ အဓိက, က မေမေစိတ် ချမ်းသာဖို့ ပါ"

"သူက အမှတ်ဝင်ယူနေပြန်ပြီ"

ဘာပဲပြောပြော အနေအေးသည့် သားလတ်၏ စကားကြောင့် ဒေါ် ရွှေရည်ဝမ်းသာ အားတက်သွားရသည် ။

"ဟုတ်တယ် ... ဟုတ်တယ် ... သားလတ်ပြောတာမှန်တယ်၊ မေမေ ကတော့ ရှဉ်လည်း လျှောက်သာ၊ ပျားလည်း စွဲသာ သူငယ်ချင်းအကူအ ညီတောင်းတာ လက်ခံရမှာ ပဲ၊ သားတို့ က သူ့ကိုကိုယ့်ညီမလေးလို သ ဘောထားပြီး လိုအပ်တာကူညီ စောင့်ရှောက်ကြရမယ်"

"လိုလိုလားမေမေရာ ... ကိုယ်နေတတ်သလိုနေကြပေါ့၊ သူကဧည့် သည် ပဲဟာ၊ အချိန်တန်အိမ်ပြန်သွားမှာ ပဲ"

"ဟဲ့ ... သားလတ်ရဲ့ ၊ သူကဧည့်သည် ဖြစ်သလို သားတို့ ကအိမ်ရှင် လေ၊ အိမ်ရှင်က ကြည်ဖြူမှ ဧည့်သည် အနေချောင်မှာ ပေါ့၊ မဟုတ်ရင် ခများဘယ်လိုနေရှာမလဲကွယ်"

"အင်း ..မေမေ့အသံကတော့ ဟိုဘက်ကိုအများကြီးပါနေပြီ၊ ငါတို့ တော့ မလွယ်ဘူးထင်တယ်"

လက်ဖက်ရည်ဝိုင်းမှာ ခေတ္တအသံတိတ်သွားကြပြန်သည် ။ သားအဖ တွေစားလို့ ပြီးခါနီးမှ မေမေ့အသံထွက်လာ၏။

"ငါ့သားတွေလည်း မငယ်တော့ဘူးနော်၊ သားကြီးက ခုဆို သုံးဆယ်နားကပ်နေပြီ၊ လူကလည်း သင်္ဘောအင်ဂျင်နီယာကြီး၊ မိန်းမယူဖို့ သင့်တော်နေပြီ"

"ဟာ...မေမေကလည်း သားအသက် ခုမှ နှစ်ဆယ့်ရှစ်ပါ၊ သင်္ဘောတက်ရတာ အန္တရာယ်ကြီးပါတယ် မေမေရာ၊ ဆိုမာလီဓားပြတွေကြောက်ရတာနဲ့ မိန်းမ မရှိသေးတာပဲကောင်းပါတယ်"

"ဟဲ့ ... ဒီအရွယ်ဆိုတာ သားနဲ့သမီးစိုပြည်နေသင့်ပြီလေ၊ နင်မရှာနိုင်ရင် ငါရှာပေးမယ်"

"ဘာလဲ ...မေမေက ဒေါ်ပုလဲသမီးတွေနဲ့ စပ်ဦးမလို့ လား၊ တော်ပါပြီ မေမေရယ် ...မေမေတို့ သူငယ်ချင်းနှစ်ယောက် ခမည်းခမက်တော်ချင်တာနဲ့ သားတို့ က အချောင်နစ်နာဦးမယ်၊ သင်္ဘောသားဆိုတာ ကမ်းကပ်ရတာနည်းနည်းရယ်၊ သားကတော့ အိမ်ထောင်မပြုရင်နေရော ပြုရင်လည်း သားမယားနဲ့ မခွဲချင်ပါဘူး"

ခန့်ရွှေစင် စကားကိုအပိတ်ပြောလိုက်လျှင် ဒေါ်ရွှေရည်၏ မြားဦးက သားလတ်ကောင်းရွှေစင် ဘက်သို့လှည့်သွားသည် ။

"သားလတ်လည်း မငယ်တော့ဘူးနော်၊ နှစ်ဆယ့်ငါးနှစ်ဆိုတာ ယောက်ျားမို့သာ မိန်းကလေးဆိုသွားပြီ၊ ဟိုင်းသွားပြီ အသက်အစိတ်မှ ပုခက်မချိတ်ရင် ဘယ်စွံတော့မလဲ"

"ဟာ ...မေမေကလည်း ပညာတတ်အသိုင်းအဝိုင်းမှာ အသက်အစိတ်ဆိုတာ ငယ်ငယ်လေးရယ်၊ ကဲ ဖေဖေနဲ့ မေမေတုန်းကရော မေမေနဲ့ ယူတော့ဖေဖေ အသက်အစိတ်ကျော်နေတာပဲ"

"မိဘတွေကို လိုက်ပြီးမကတ်သပ်နဲ့ လား၊ ဘာပဲဖြစ်ဖြစ် သားလည်း

အိမ်ထောင်ရေးစဉ်းစားသင့်ပြီ"

"သားက အိမ်ထောင်ရေးကို ဦးနှောက်နဲ့ မစဉ်းစားချင်ဘူး မေမေ၊ ကိုယ့်ရင်ဘတ်ကိုလာငြိမှ စဉ်းစားမှာ ၊ တစ်သက်လုံးလက်တွဲရမယ့်သူကို ပုံသေနည်းနဲ့ တွက်ပြီး လက်ထပ်လို့ ဘာလုပ်မှာ လဲမေမေရာ၊ ဖေဖေသားတို့ ဘက်က နည်းနည်းဝင်ပြီးအားပေးစမ်းပါဦး၊ ဖေဖေ့တုန်းကလည်း မေမေ့ကိုအသည်းအသန်ပိုးပန်းပြီး ယူခဲ့ရခဲ့တာမဟုတ်လား"

"အင်း… မင်းအမေတုန်းက ဒီလောက်ပင်ပင်ပန်းပန်း မပိုးခဲ့ရပါဘူးကွာ၊ ကြားထဲက ပုလဲအောင်သွယ်ပေးတာနဲ့ ရခဲ့တာ"

"ဟား ဟား ဟား … ဒါဆိုဒေါ်ပုလဲက ဖေဖေနဲ့ မေမေရဲ့ ကျေးဇူးရှင်အစစ်ကြီးပေါ့"

"ဒါပေါ့"

"ကဲ …ဒါဆိုလည်း ဖေဖေနဲ့ မေမေ မျက်နှာပျက်အောင် သားတို့ မလုပ်ပါဘူးတဲ့ ဗျာ၊ အဆင်ပြေအောင်နေပေးပါ့မယ်"

သားသုံးယောက်လုံးကတိပေးလိုက်မှ ဒေါ်ရွှေရည် စိတ်ချမ်းသာသွားရသည် ။ သူကတော့ သားချည်းမွေးထားသူမို့ ပုလဲ၏ သမီးလေးကို အသံကြားတာနှင့်ပင်ချစ်နေမိပေပြီ။ ပုလဲ ပြောစကားအရတော့ အလွန်အကဲမလေးဖြစ်သည် ။

"ရွှေရည်ရေ …ပြောရမှာ လည်း ရှက်ပါတယ်၊ ငါ့မှာ အုပ်ထိန်းနိုင်ပြီးအငယ်ဆုံးကျ အလိုလိုက်ခဲ့မိလို့ ဘယ်လိုမှ မနိုင်တော့ဘူး၊ ခုထိ ကလေးစိတ်မပျောက်ဘဲ လေးခွတစ်လက်နဲ့ ငှက်ပစ်လိုပစ်၊ ဘောကန်လိုကန်၊ ကလေးတွေတရုန်းရုန်းနဲ့ လေ၊ အဲဒါ ရွှေရည်က မိန်းကလေးပီသတဲ့ လူဆိုတော့ ရွှေရည့်လက်ကို အပ်ပါရစေ၊ သူက ဘွဲ့ရပြီးသားမို့ အလုပ်လုပ်

မယ်ဆိုလည်း အလုပ်တစ်ခုခုသွင်းပေးပါ၊ ပုလဲတို့ ညကားနဲ့ လာခဲ့မယ် မနက်ဖြန်ရောက်မယ်"

ပုလဲဖုန်းဆက်ထားသဖြင့် ဒေါ်ရွှေရည်မျှော်နေမိသည် ။ စစ်ကိုင်းကားက မနက် ၉ နာရီလောက်မှာ ဝင်မည်တဲ့ ။

"သားကြီး လောလောဆယ် အားတယ်မဟုတ်လား၊ မေမေနဲ့ အတူကားဂိတ်သွားကြိုရအောင်နော်"

သားကြီးက နောက်ထပ်သင်္ဘောမထွက်ရခင် အားနေ၏။ သို့သော် သူကလည်း ရောက်လာမည့် စွာတေးလန်၊ ဂျမ်းတောမလေးကိုစိတ်မဝင်စား၊ သူ့အကြိုက်က ပါးစပ်ထဲလက်ညှိုးထိုးတာတောင် မကိုက်တတ်သည့်ဗိုင်းကောင်းကျောက်ဖိမှ ။

ဒါမှ ကိုယ်လက်ညှိုးညွှန်ရာရေဖြစ်မည်မဟုတ်လား။

"ဟာ ... မေမေကလည်း မေမေ့သားကိုခေါ်သွား"

"မေမေက ကိုကောင်းကိုပိုချစ်တာပါနော်၊ သားသိပါတယ်၊ သူ့သားကိုခေါ်သွား သားဒီနေ့ကောင်မလေးနဲ့ ဒိတ်လုပ်ထားတယ်"

"အစ်ကို ... ကျွန်တော့်ကိုမချွန်နဲ့ ဗျာ၊ ဒီနေ့ ကုမ္ပဏီမှ အစည်းအဝေးရှိတယ်၊ ညေ့်သည် ကြိုစရာရှိတယ်"

ညီအစ်ကိုနှစ်ယောက် ပါးစပ်ထဲရှိသည့် ဆင်ခြေနှင့်ထုချေလွှာတင်နေကြလျှင် ဒေါ်ရွှေရည် မျက်ရည်လေးစမ်းစမ်းစမ်းစမ်းဖြစ်လာ၏။ သူက သားတွေ၏ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးကို မျက်ရည်နှင့် ထိန်းချုပ်တတ်သူ။

"ဒါဆိုလည်း ဘယ်သူမှ မပို့ကြပါနဲ့ တော့ကွယ်၊ မေမေဘဝနဲ့ မေမေရှိပါစေတော့၊ ဒါပေ့ါလေ မေမေကအသက်ကြီး လာပြီ၊ အိုပယ်ကြီးပေါ့

မေမေ့သြဇာလည်း ဘယ်သူက နာခံချင်တော့မှာ လဲ၊ ဒီမိန်းမကြီးကို ဘယ်သူမှ အရေးမလုပ်ချင်ကြတော့ဘူးပေါ့"

မျက်ရည်လေးအစို့သားနှင့် ဒေါ်ရွှေရည် လက်ဖက်ရည်ဝိုင်းမှ ထလျှင် ဖအေကြီးက အရင်အသည်းကွေလေ၏။

"ဘယ်သူမှ မပို့ချင်နေကြ၊ ကိုယ်ပို့မယ်ကိုယ့်မိန်းမ မျက်ရည်ကျတာကို ဘယ်တော့မှ မမြင်ချင်ဘူး၊ အလုပ်တွေ ဘယ်လောက်အရေးကြီးကြီး ရွှေရည်လောက်တော့ ဘယ်သူမှ အရေး မကြီးဘူး"

သားနှစ်ယောက်ကလည်း ပြိုင်တူထရပ်ရင်း မအေကိုချော့ကြပါသည် ။ အလုအယက် ...

"မေမေ သားပို့မယ် ..."

အသံနှစ်သံက သံပြိုင်ဖြစ်နေလျှင် ဒေါ်ရွှေရည်ကျေနပ်သွားပြီး သားအလတ်ကို လက်ညှိုးထိုးလိုက်၏။

"ကိုကောင်းလိုက်ခဲ့၊ သားကြီးက မြန်မာပြည်ရောက်တုန်း နားပါစေ၊ သူကြိုက်သလို နေပါစေ"

သားငယ် ဝင်းရွှေစင်ကတော့ ...သူ့အစ်ကိုအလတ်ကို ကောင်းစွာကောင်းချီး ပေးနေတော့သည် မှာ ...

"ကောင်းတယ် ကိုကို ... မိဘစကား မပယ်ရှားနဲ့ ဗျ၊ အနည်းဆုံး မိန်းမတစ်ယောက် အဖက်တင်လိမ့်မယ်"

***